TNLA တပ်တွေနဲ့ ဌာနဆိုင်ရာအဖွဲ့ဝင်တွေဟာ လာမယ့် နိုဝင်ဘာ ၂၀ ရက်နောက်ဆုံးထားပြီး မိုးကုတ်မြို့ကနေ ဆုတ်ခွာမယ်လို့ TNLA က မြို့ပေါ်က ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေကို အသိပေးထားတဲ့အကြောင်း အုပ်ချုပ်ရေးနဲ့ နီးစပ်တဲ့သတင်းရင်းမြစ်က ပြောပါတယ်။ “အောက်တိုဘာ ၃၀ ရက်က ပြုလုပ်တဲ့အစည်းအဝေးမှာ ပြောခဲ့တာ” လို့ သူက ဆိုပါတယ်။

ရုရှားနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော်မှာ အခမ်းအနားနဲ့ ကြိုဆိုခဲ့ပါတယ်။ နိုဗိုစီဗစ် ကိုယ်စားလှယ်အဖွဲ့မှာ ပါဝင်လာတဲ့ “Chaldony” အဆိုအကအဖွဲ့က “မဟာရုရှားနှင့် ဆိုက်ဘေးရီးယား” ဂုဏ်ပြုဖျော်ဖြေပွဲ တင်ဆက်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီဖျော်ဖြေပွဲမှာ မြန်မာအတွက် အထူးဖန်တီးထားတဲ့ ‘လတ်တီး’ ဆိုတဲ့ သီချင်းနဲ့ ဖျော်ဖြေတင်ဆက်ခဲ့တယ်လို့လည်း စစ်ကော်မရှင်က နိုဝင်ဘာလ ၅ ရက်တွင် သတင်းထုတ်ပြန်ပါတယ်။

## ဒေသအလိုက် အချက်အလက်

| Data of Myanmar Conflict 01-07, November 2025 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Houses burned down** |
| **BAGO** | 2 | 4 | 1 | 2 | | | 50 | |
| **CHIN** | 1 | | 40 | | | | 15 | |
| **KACHIN** | | 1 | | | | | | |
| **KAREN** | 15 | | 30 | | | | 2 | |
| **KARENNI** | 3 | 3 | | 5 | | | | |
| **MAGWAY** | 4 | 10 | 16 | 2 | | 2 | 7 | 18 |
| **MANDALAY** | 5 | 2 | 24 | | | 4 | | 15 |
| **MON** | | 6 | | | | | | |
| **RAKHINE** | | 2 | | | | 5 | | |
| **SAGAING** | 6 | 1 | 17 | | 1 | 4 | 40 | 8 |
| **SHAN ( S )** | 4 | | 2 | | | | | |
| **TANINTHARYI** | 5 | | 17 | 2 | | | | |
| **YANGON** | | | | | | | 2 | |
| **TOTAL** | **45** | **29** | **147** | **11** | **1** | **15** | **116** | **41** |

